# Antipyretic activities of leaves of *Clerodendrum inerme* Gaerth

San San Maw
Department of Botany, University of Yangon

အမြဲစိမ်းလန်းနေသော ဒီရေရောက်အပင် ဖြစ်သည့် ပင်လယ်ကျောက်ပန်း (*Clerodendrum inerme* Gaerth) အပင်အား ရန်ကုန်တိုင်း၊ ဒလမြို့နယ် ကမာအောင်ချောင်းမှ ကောက်ယူ စုဆောင်းခဲ့ပါသည်။ ၎င်းအရွက်များသည် အဖျားရောဂါ၊ အဆစ်အမျက် ရောင်ရောဂါ၊ အရေပြားရောဂါနှင့် ဆီးလမ်းကြောင်း ဆိုင်ရာ ရောဂါများကို ကုသရာတွင် အသုံးဝင်ပါသည်။ ထို့အပြင် ၎င်းအရွက်သည် ခါးသော အရသာရှိသောကြောင့် ငှက်ဖျားရောဂါ ပျောက်ဆေးဖြစ်သည့် (*quinine)* အစားထိရောက်သည့် အဖျားရောဂါကို ကုသစေနိုင်သော တိုင်းရင်းဆေးအဖြစ် အသုံးပြုခဲ့ကြပါသည်။ ဆေးဝါးအစွမ်းထက်မှုကို သုတေသနပြုရာတွင် 70% ethanolic extract အသုံးပြု၍ ကြွက်ငယ် များဖြင့် စမ်းသပ်ခဲ့ရာ အမြင့်ဆုံးခွင့်ပြုနိုင် သည့် ဆေးခွက်စာ (maximum permissible does) အထိတိုး၍စမ်းသပ်ခဲ့ရာ အဆိပ်အတောက်မရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ထိုမှဆက်၍ အဖျားရောဂါ ပျောက်ကင်းခြင်းရှိ/မရှိကို အထက်ပါ extract နှင့်ပင် ကြွက်များဖြင့် စမ်းသပ်ခဲ့ရာ အဖျားရောဂါ လျော့ကျစေနိုင်သော အစွမ်းရှိကြောင်း ပြသခဲ့ပါသည်။